# ဗကသနဲ့ဗကပ

အသံထွက်က နီးစပ်နေတော့ ဒီနှစ်ခုကို တွဲပြောရတာ ပစပ်အရသာတွေ့သလို ရှိနေပါတယ်။ ဗကသ ကို ဗကပ က မြှောက်ပေးနေတယ်၊ ဗကသ ထဲမှာ ဗကပ တွေ ပါနေတယ် ဆိုတာမျိုးလည်း ကြားဖူးကြပါလိမ့်မယ်။ မဆန်းပါ၊ ကြာပါပြီ။ အရင်က ပိုတောင်များပါသေးတယ်။ ဒါပေမဲ့ အဲဒီစကားမျိုး၊ အဲဒီအမြင်မျိုးကို ပြောသူ၊ ရေးသူတွေဟာ ဘယ်သူလဲဆိုတာကော စဥ်းစားမိကြပါသလား။ စစ်အာဏာရှင်တွေနဲ့ သူတို့ရဲ့ ထောက်လှမ်းရေးတွေ၊ ပြည်သူကို သစ္စာဖောက်သူတွေ အဓိကပဲဆိုတာ သတိရကြမယ် ထင်ပါတယ်။ နောက်ပြီး ဗမာပြည်မှာ စစ်အာဏာရှင်စနစ် ထူထောင်ရာမှာ ကျားထောက်နောက်ခံပေးခဲ့တဲ့ ဖဆပလ ထဲက ဆိုရှယ်လစ်ခေါင်းဆောင်တချို့လည်း ပါဝင်တယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ဦးနုကတော့ ကျောင်းသားပွဲတော်တွေ၊ ပညာရေး နှီးနှောဖလှယ်ပွဲတောင် ကျင်းပပေးပါတယ်။ သမဂ္ဂခေါင်းဆောင်တွေကို နေရာပေးပါတယ်။ ဗိုလ်နေဝင်းရဲ့ ဒုတိယအကြိမ် အာဏာသိမ်းပွဲမတိုင်မီကဆိုရင် တက္ကသိုလ် ကျောင်းသားသမဂ္ဂဆိုတာကို အစိုးရဖွဲ့စည်းပေးတဲ့ တက္ကသိုလ်ကောင်စီက ဦးစီးတဲ့ ရွေးကောက်ပွဲနဲ့ တင်မြှောက်တာ ဖြစ်ပါတယ်။

အရင်ကတော့ ကျောင်းသားသမဂ္ဂမှာ တာဝန်ယူခဲ့သူဆိုရင် အစိုးရအလုပ် ရခဲမျှ၊ မရသလောက်ပါ။ နိုင်ငံခြားပညာတော်သင် ဆိုတာကတော့ ဝေလာဝေးပေ့ါ။ ဒါနဲ့ပြောင်းပြန် ကျောင်းသားသမဂ္ဂထဲက သစ္စာဖောက်သူ၊ ရဲခေါင်–ဒီအက်စ်အို စတာတွေမှာ တက်တက်ကြွကြွ လုပ်ခဲ့သူတွေကိုတော့ အလုပ်ကောင်းတွေ ပေးရုံမက ပညာတော်သင်တွေအဖြစ်လည်း စေလွှတ်ခဲ့ပါတယ်။ သာဓကတွေ အများကြီး။ နာမည်စာရင်းနဲ့တောင် ပြောလို့ရပါတယ်။

လွတ်လပ်ရေးရပြီးနောက် ဗမာပြည်သမိုင်းမှာ ကျောင်းသားညီညွတ်ရေးတပ်ဦးနဲ့ ပြိုင်ဖို့အတွက် ဖဆ/ဆိုရှယ်လစ်တွေက ဒီအက်စ်အို၊ ရဲခေါင်၊ အင်အားစတဲ့ ကျောင်းသားသမဂ္ဂ ဝင်ရွေးတဲ့ အဖွဲ့အစည်းတွေကို ထောင်ပေးတယ်ဆိုတဲ့ ကျောင်းသားလောကရဲ့ အမည်းကွက်ကြီးတကွက် ရှိခဲ့ပါတယ်။ အဲဒီလို လုပ်ခဲ့သူတွေ ဒီနေ့အခါမှာ အဲဒီဇာတ်လမ်းကို ဘယ်သူမှ အမှန်မပြောဝံ့ပါဘူး။ ဆိုလိုတာ ခေါင်းပြန်မထောင်နိုင် ဖြစ်ခဲ့တယ်ဆိုတာပါ။ ဒါပေမဲ့ အဲဒီအာဏာရပုဂ္ဂိုလ်တွေဟာ စင်ပြိုင်ကျောင်းသားသမဂ္ဂဆိုတာကိုတော့ မထူထောင်ဝံ့ခဲ့ဘူး။ လွတ်လပ်ရေးတိုက်ပွဲသမိုင်းကို သူတို့မလေးမစား မလုပ်ရဲဘူး။ ၆၂ အာဏာသိမ်းပွဲပြီး ကျောင်းသားတွေကို သတ်ခဲ့တဲ့ ဗိုလ်နေဝင်းရဲ့ မဆလ အစိုးရတောင် အလုပ်သမားကောင်စီ၊ လယ်သမားကောင်စီဆိုတာတွေ ဖွဲ့ပေးမယ့် ကျောင်းသားကောင်စီဆိုတာ မဖွဲ့ရဲပါဘူး။ လမ်းစဥ်လူငယ်–ရှေ့ဆောင်လူငယ်ဆိုတဲ့

ကျောင်းသားတွေ ခေါင်းဆောင်မှုအခန်းက မပါရ၊ သိုးအုပ်လို ကုပ်ကုပ်ကလေး နောက်ကလိုက်ရတဲ့ အဖွဲ့အစည်းတွေသာ ဖွဲ့ခဲ့၊ ထောင်ခဲ့ပါတယ်။

သူတို့အားလုံးမှာ တူညီတဲ့အချက်က ကျောင်းသားတွေကို ဖြိုခွဲဖို့ပဲ။ နိုင်ငံရေး မလုပ်စေဖို့ပဲ။ ဒီလိုနဲ့ ဗမာပြည်ရဲ့ ကျောင်းသားလောကမှာ ကျောင်းသားတွေ နိုင်ငံရေးလုပ်သင့်/မလုပ်သင့်ဆိုတာ အခရာကျတဲ့ ငြင်းခုံမှုကြီး ဖြစ်လာခဲ့ပါတယ်။ ဒီပြဿနာအပေါ်မှာ ဘယ်ဘက်က ရပ်တည်သလဲဆိုတာဟာ ကျောင်းသားတွေသာမက နိုင်ငံရေးသမားတွေ၊ မီဒီယာသမားတွေကိုပါ ဒီနေ့အထိ စမ်းသပ်နေတဲ့မေးခွန်း ဖြစ်ပါတယ်။

အခု ဗကသ နဲ့ ပတ်သက်ပြီး အဲဒီဆိုရှယ်လစ်ပါတီဝင်တွေ၊ စစ်အာဏာရှင်တွေ ပြောတဲ့စကားမျိုးကို ဟိုချောင်၊ ဒီချောင်က ပြောသံတွေ ပြန်ကြားလာနေရတာကို သတိပြုမိပါတယ်။ ဒါဟာ ကျည်တတောင့်နဲ့ ငှက်နှစ်ကောင်ပစ်ဖို့ ကြိုးစားတာ ဖြစ်ပါတယ်။ သူတို့ ပုံမှန်မရင်ဆိုင်နိုင်တဲ့၊ နည်းမှန်လမ်းမှန်နဲ့ အားပြိုင်လို့မရတဲ့ ဗကသ ကို အရင်ခေတ်က အာဏာရှင်တွေ တိုက်ခိုက်နည်းနဲ့ တိုက်ခိုက်တာဖြစ်ပါတယ်။ လက်တွေ့စကားနဲ့ ပြောရရင် ချက်အောက်ကို ထိုးတာမျိုးဖြစ်ပါတယ်။ စင်ပြိုင်ကျောင်းသား သမဂ္ဂဆိုတာ ထူထောင်ပြီး နှစ်ရက်၊ သုံးရက်အတွင်းမှာပဲ ပညာရေးဝန်ကြီးက ခေါ်တွေ့ဆုံတယ်ဆိုတာဟာလည်း သံတမန်မဆန်၊ သိပ်ပြောင်ကျတဲ့ လုပ်ရပ်ပါ။ သမိုင်းမှာ မရှိဖူးပါဘူး။ အင်္ဂလိပ်ကိုလိုနီအစိုးရကအစ ဗိုလ်သန်းစိန် စစ်အစိုးရ လက်ထက်အထိ ဘယ်အစိုးရမှ မလုပ်ခဲ့ကြတာကို လုပ်တာပါပဲ။

ဒီမှာ မေးစရာရှိတာက မနေ့တနေ့ကမှ တိုက်ပွဲထဲက မဟုတ်ဘဲ ပွဲပိုးမှုတွေထဲက ပေါက်ဖွားလာတဲ့၊ ဗကသ ကို ပုခုံးချင်းပြိုင်တဲ့ အရှင်မွေးနေ့ချင်းကြီး ကျောင်းသားသမဂ္ဂဆိုတာဟာ –

– လိုအပ်ရင်မြင်းခွာတချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်မယ်လို့ ကြေညာရဲပါသလား။

– သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ ဗိုလ်အောင်ကျော်လိုခေါင်းဆောင်မျိုးတွေ မွေးထုတ်ဖူးသလား။

– ဂျပန်ဖက်ဆစ်တော်လှန်ရေးမှာ ပါဝင်တဲ့သတ္တိမျိုး ရှိပါသလား။

– ၁၃၀၀ ပြည့်အပါ အလုပ်သမားတိုက်ပွဲမျိုးတွေကို ထောက်ခံပါဝင်ဖူးသလား။

– ၇ ရက် ဇူလိုင်လို အရေးအခင်းမျိုးတွေမှာ အသေခံတိုက်ပွဲဝင်ရဲသလား။

– ဦးသန့်အရေးအခင်း၊ ရှစ်လေးလုံးလိုမျိုး အရေးအခင်းကြီးတွေမှာ ထိပ်ကပါခဲ့ပါသလား။ အဲသလို ပါရဲတဲ့ ယုံကြည်ချက်နဲ့စိတ်ဓာတ်မျိုး ရှိပါသလား။

– “ငါတို့ကျောင်းသားအပေါင်းစည်းလို့ညီရမည်၊ အမျိုးသားအရေးဆိုကြိုဆိုဖို့ရည်၊ ဒီမိုကရေစီပညာရေးအတွက်ညီ၊ တို့သားတို့သွေးစတေးလှူမည်––(ဗကသသီချင်း)”ဆိုတာမျိုး အဓိဋ္ဌာန်ဆိုဝံ့ပါသလား။

ဗကသ လို ကျောင်းသားသမဂ္ဂဟာ တိုက်ပွဲထဲက ပေါ်ထွက်တာပါ။ ကျောင်းသားတွေအတွက် တိုက်ပွဲဝင်ဖို့ ဖော်ထုတ်ခဲ့တာပါ။

အခု သမဂ္ဂဆိုတာကိုတောင် စင်ပြိုင်ထောင်လာပြီ။ ဒါဟာ မင်းသားကြီး မလုပ်ရလို့ ပတ်မကြီးကို ထိုးဖောက်တာသာမက ဇာတ်အဖွဲ့ကိုပါ ခွဲပစ်တာဖြစ်တယ်ဆိုတာ လူတိုင်းမြင်ပါတယ်။ ဒီလိုစင်ပြိုင်တွေ ပေါ်လာတဲ့အတွက် ဘယ်သူတွေ ဝမ်းသာမှာလဲ။ ဒီအရှင်မွေးနေ့ချင်းကြီး ကျောင်းသားသမဂ္ဂ ဗမာပြည်မှာ အမြစ်မပြတ်ခိုင်ခိုင်မြဲမြဲရှိနေသေးတဲ့ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြုတ်ရာမှာ ပိုထိရောက်စေမှာလား၊ အားနည်းစေမှာလား။ ကျောင်းသားအရေးကို ပိုဦးဆောင်မှု ပေးနိုင်မှာလား၊ ရှုပ်ထွေးစေမှာလား။ မိဘပြည်သူတွေ အရေးကြုံတိုင်း ရှေ့ကထွက်ပြီး တိုက်ပွဲဝင်တဲ့ တပြည်လုံးက ကျောင်းသားတွေကို သွေးစည်းစေမှာလား၊ သွေးကွဲစေမှာလား။

အစိုးရကို ထောက်ခံဖို့သက်သက်ဖွဲ့တဲ့ ကျောင်းသားသမဂ္ဂဆိုရင် ‘မီးသွေးခဲမို့ မည်းသကို၊ တို့ကျောင်းမို့ရဲသကို’ ဆိုတဲ့အဆိုကို ‘မီးသွေးခဲမို့မည်းသကို၊ တို့ကျောင်းသားမို့ ရှဲသကို’ လို့ ပြင်ရမလို ဖြစ်သွားလိမ့်မယ်။

ဗကပ ရဲ့ တရားဝင်သဘောထားလည်းဖြစ်၊ ကြုံတိုင်းပြောနေကျလည်းဖြစ်တဲ့ စကားကို ပြောပါ့မယ်။ အဲဒါက ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၃၀ စုနှစ်များ အတွင်းက ကျောင်းသားလှုပ်ရှားမှုကြီးတွေ၊ အလုပ်သမားလှုပ်ရှားမှုကြီးတွေကနေ မွေးဖွားပေးလိုက်တဲ့ပါတီ ဖြစ်တယ်။ ပါတီကို တည်ထောင်သူတွေထဲမှာ ဗကသ ခေါင်းဆောင်တွေ ပါဝင်ခဲ့တယ် ဆိုတာပါပဲ။ ဗမာပြည်မှာ အဲဒီလို ကြွေညာနိုင်တဲ့ တခြားပါတီ မရှိခဲ့၊ မရှိပါဘူး။ ဒါကို ဗကပ က အမြဲဂုဏ်ယူနေပါတယ်။

**ရဲဘော်ဖိုးသံချောင်း**

(အရေးတော်ပုံ အတွဲ ၂ အမှတ် ၅ ဆောင်းပါးဖြစ်ပါသည်။)